**Please print the letter below and photocopy onto school letterhead before distribution**

မျှားမကြာမီက ရပ်ကွက်အတွင်း ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ မိဘများထံပေးစာ
Letter to parents regarding recent community events

မိဘ/စောင့်ရှောက်အုပ်ထိန်းသူ ထံ

မျှားမကြာမီက ရပ်ကွက်အတွင်း ဖြစ်ရပ်များအပေါ် တုံ့ပြန်မှုအနေနှင့် သင်၏ကျောင်းသည် အောက်ပါတို့ကို ယနေ့ စတင်ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းသည် ယောက်တိုင်းအတွက် လုံခြုံ အန္တရာယ်ကင်းသော ပတ်ဝန်းကျင်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကျောင်းသူကျောင်းသားများအား စိတ်ချလက်ချ ရှိစေရန် အားပေး ပြောဆိုခဲ့ပြီး ဖြစ်ပါသည်။ "ကျောင်းသူကျောင်းသား ပြုစုစောင့်ရှောက်ရေး နှင့် လူမျိုးခြား မုန်းတီးဖိနှိပ်မှု ဆန့်ကျင်သည့် ပေါ်လစီမူဝါဒ" ၏ စည်းကမ်းချက်များကို သတိပြုရန် ရှင်းပြပြီး၊ ထိုစည်းကမ်းချက်များက၊ ဒုက္ခပေး နှောင့်ယှက်ခြင်း ကိုယ်တွေ့ တွေ့ကြုံခံခဲ့ရလျှင် ဝိုင်းဝန်းကူညီမှု ရရှိရေးကို သေချာစေပါလိမ့်မည် ဆိုသည့်အကြောင်းကိုလည်း ပြောပြထားပါသည်။

ကျောင်းသူကျောင်းသားများကို မိမိတို့၏ စိတ်ခံစားမှုများအကြောင်း ပြောပြရန် အခွင့်အလမ်း ပေးခဲ့သည်။ စိတ်ပူလျှင် သို့မဟုတ် စိတ်မချမ်းသာ ဖြစ်နေလျှင် ကျောင်းတွင်ရှိသော အတိုင်ပင်ခံပုဂ္ဂိုလ် သို့မဟုတ် အခြားကျောင်းဝန်ထမ်းများထံ ချဉ်းကပ်နိုင်ကြောင်း သတိထပ်မံ ပေးထားပါသည်။ ဝိုင်းဝန်းကူညီမှု လိုသော ကျောင်းသူကျောင်းသားအား ကူညီမှုပေးနေဆဲဖြစ်ပါသည်။

သင်တို့၏ သားသမီးများနှင့် ဤဖြစ်ရပ်များအကြောင်း ဆွေးနွေးပြီး သူတို့ကို လူအများအပေါ် ကျောင်းမှာရော ရပ်ကွက်ထဲမှာပါ သည်းခံပြီး ဂရုစိုက်ဖို့ တိုက်တွန်းပေးနိုင်လျှင် အသုံးကျမည်ဖြစ်ပါသည်။

ခဲယဉ်းသော ပြဿနာကို ဖြေရှင်းနေရသော ကလေးများအတွက် အိမ်တွင် ပုံမှန် လုပ်ရိုးလုပ်စဉ် နှင့် စိတ်ဝင်စားမှု တို့ကို ထိန်းသိမ်းထားခြင်းဖြင့် ကူညီရာရောက်မည်။

သင်၏ကလေး အတွက် ပူပန်မှု အထူးရှိခဲ့လျှင် ကျောင်းကို ဆက်သွယ်ပါ။ ကူညီမှုကို တတ်နိုင်သရွေ့ အမြန်ဆုံး ပို့ပေးပါမည်။

ကျောင်း သို့ ဆက်သွယ်ရန်အတွက် သင် စကားပြန် လိုအပ်လျှင် တယ်လီဖုန်းစကားပြန်ဌာန တယ်လီဖုန်းနံပါတ် 131 450 သို့ဆက်၍ သင်လိုသည့်ဘာသာစကားကို ပြောသော စကားပြန် တစ်ဦးကို တောင်းပါ။

လေးစားစွာဖြင့်

ကျောင်းအုပ်ကြီး (Principal)